စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်
# တိုင်းဒေသကြီး/ ပြည်နယ်များ၏
# တတိယ(၃)လပတ် (ဧပြီလမှဇွန်လအထိ)
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ
# (In Year Report)

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်

## တတိယ (၃) လပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ (In Year Report)

၁။ တိုင်းဒေသကြီး/ ပြည်နယ်များ အဆင့်ဌာနအဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တတိယ (၃)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် အကောင်အထည်ဖော်မှုတန်ဖိုး | ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ် တတိယ (၃) လပတ် | | |
|---|---|---|---|---|---|
| | | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | ရငွေ | ၁,၁၂၆,၅၇၁.၀၅၇ | ၁,၄၂၅,၇၈၅.၂၁၅ | ၁,၃၃၈,၀၄၇.၁၉၀ | ၉၃.၈၅% |
| | သာမန် | ၁,၁၀၂,၀၉၆.၁၄၃ | ၁,၃၄၇,၄၉၆.၆၇၆ | ၁,၃၀၅,၈၄၅.၈၇၀ | ၉၆.၉၁% |
| | ငွေလုံးငွေရင်း | ၅,၆၄၉.၂၃၃ | ၁၅,၉၁၇.၅၁၆ | ၈,၄၅၃.၉၈၂ | ၅၃.၁၁% |
| | ကြွေးမြီ | ၁၈,၈၂၅.၆၈၁ | ၆၂,၃၇၁.၀၂၃ | ၂၃,၇၄၇.၃၃၈ | ၃၈.၀၇% |
| (ခ) | သုံးငွေ | ၇၄၅,၂၇၄.၄၃၈ | ၉၃၈,၄၅၉.၈၄၄ | ၉၃၁,၁၄၂.၇၁၆ | ၉၉.၂၂% |
| | သာမန် | ၂၀၇,၂၂၉.၈၇၅ | ၂၄၈,၁၂၂.၇၉၁ | ၂၅၀,၀၄၀.၆၄၇ | ၁၀၀.၇၇% |
| | ငွေလုံးငွေရင်း | ၅၃၈,၀၄၄.၅၆၃ | ၆၉၀,၃၃၇.၀၅၃ | ၆၈၁,၁၀၂.၀၆၉ | ၉၈.၆၆% |
| | ကြွေးမြီ | - | - | - | |
| (ဂ) | ပိုငွေ(+)/ လိုငွေ(-) | (+ ) ၃၈၁,၂၉၆.၆၁၉ | (+)၄၈၇,၃၂၅.၃၇၁ | (+)၄၀၆,၉၀၄.၄၇၄ | |

၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ (၃) လပတ် (ဧပြီလမှ ဇွန်လအထိ) တိုင်းဒေသကြီး/ ပြည်နယ်များ၏ ယာယီရငွေသုံးငွေများကို နောက်ဆက်တွဲ (က) ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ (၃) လပတ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို နောက်ဆက်တွဲ (ခ) ဖြင့်လည်းကောင်း ဖော်ပြအပ်ပါသည်။

နောက်ဆက်တွဲ(က)

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃) လပတ် (ဧပြီလ မှ ဇွန်လအထိ)
# တိုင်းဒေသကြီး / ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း
# (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | တတိယ (၃) လပတ်အတွက် လျာထားချက် | | | တတိယ (၃) လပတ် အတွက် ယာယီစာရင်း | | | တတိယ (၃)လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၉၉,၇၄၂.၅၈၆ | ၆၂,၅၉၂.၃၀၉ | +၃၇,၁၅၀.၂၇၇ | ၉၇,၀၁၉.၀၈၆ | ၇၁,၅၉၇.၀၀၂ | +၂၅,၄၂၂.၀၇၄ | ၉၇.၂၇% | ၁၁၄.၃၉% |
| ၂ | ကယားပြည်နယ် | ၃၅,၇၅၇.၂၀၃ | ၁၇,၉၄၇.၆၈၇ | +၁၇,၈၀၉.၅၁၆ | ၃၄,၇၃၃.၀၁၇ | ၂၂,၈၁၈.၂၆၂ | +၁၁,၉၁၄.၇၅၅ | ၉၇.၁၄% | ၁၂၇.၁၄% |
| ၃ | ကရင်ပြည်နယ် | ၅၄,၉၀၃.၃၅၉ | ၂၄,၂၆၉.၅၈၉ | +၃၀,၆၃၃.၇၇၀ | ၅၄,၇၁၅.၂၇၀ | ၂၉,၀၆၉.၄၂၂ | +၂၅,၆၄၅.၈၄၈ | ၉၉.၆၆% | ၁၁၉.၇၈% |
| ၄ | ချင်းပြည်နယ် | ၈၆,၆၂၁.၄၉၈ | ၅၀,၉၂၅.၃၅၁ | +၃၅,၆၉၆.၁၄၇ | ၈၄,၄၄၂.၃၆၆ | ၄၈,၆၁၁.၃၈၆ | +၃၅,၈၃၀.၉၈၀ | ၉၇.၄၈% | ၉၅.၄၆% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁၉,၉၉၅.၄၇၉ | ၇၀,၂၉၆.၂၁၀ | +၄၉,၆၉၉.၂၆၉ | ၁၁၈,၃၄၅.၀၀၆ | ၈၆,၄၀၀.၇၅၇ | +၃၁,၉၄၄.၂၄၉ | ၉၈.၆၂% | ၁၂၂.၉၁% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၈၆,၇၄၁.၅၈၄ | ၄၂,၅၅၀.၂၀၅ | +၄၄,၁၉၁.၃၇၉ | ၈၆,၉၃၈.၅၅၉ | ၅၇,၁၀၂.၀၄၀ | +၂၉,၈၃၆.၅၁၉ | ၁၀၀.၂၃% | ၁၃၄.၂၀% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈၆,၄၀၂.၀၁၃ | ၄၆,၈၀၅.၆၈၆ | +၃၉,၅၉၆.၃၂၇ | ၈၂,၉၃၁.၂၃၈ | ၈၃,၆၈၈.၆၇၁ | -၇၅၇.၄၃၃ | ၉၅.၉၈% | ၁၇၈.၈၀% |
| ၈ | မကွေးတိုင်းဒေသကြီး | ၁၀၃,၉၃၅.၅၉၃ | ၇၁,၁၃၄.၆၈၁ | +၃၂,၈၀၀.၉၁၂ | ၉၇,၇၉၀.၃၇၃ | ၅၇,၉၁၅.၁၆၂ | +၃၉,၈၇၅.၂၁၁ | ၉၄.၀၉% | ၈၁.၄၂% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၂၀,၇၁၉.၄၇၄ | ၇၅,၄၂၀.၃၁၄ | +၄၅,၂၉၈.၁၆၀ | ၁၁၂,၅၃၃.၃၆၀ | ၆၇,၆၆၄.၄၆၃ | +၄၄,၈၆၈.၈၉၇ | ၉၃.၂၂% | ၈၉.၇၂% |
| ၁၀ | မွန်ပြည်နယ် | ၆၈,၁၁၇.၂၈၂ | ၄၄,၇၁၀.၅၄၉ | +၂၃,၄၀၅.၇၃၃ | ၅၈,၂၃၆.၁၄၆ | ၃၈,၁၂၆.၀၅၁ | +၂၀,၁၁၀.၀၉၅ | ၈၅.၄၉% | ၈၅.၂၇% |
| ၁၁ | ရခိုင်ပြည်နယ် | ၁၀၁,၄၄၀.၃၄၁ | ၆၆,၁၆၀.၄၆၆ | +၃၅,၂၇၉.၈၇၅ | ၉၆,၂၆၆.၉၉၁ | ၅၅,၉၈၁.၁၈၂ | +၄၀,၂၈၅.၈၀၉ | ၉၄.၉၀% | ၈၄.၆၁% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၂၉,၈၂၄.၅၅၄ | ၂၃၂,၄၉၄.၁၈၃ | -၂,၆၆၉.၆၂၉ | ၁၈၅,၈၈၅.၁၇၈ | ၁၇၈,၃၆၇.၇၅၅ | +၇,၅၁၇.၄၂၃ | ၈၀.၈၈% | ၇၆.၇၂% |
| ၁၃ | ရှမ်းပြည်နယ် | ၁၃၉,၀၀၂.၃၇၀ | ၈၂,၃၂၄.၇၂၀ | +၅၆,၆၈၇.၆၅၀ | ၁၄၃,၁၄၈.၂၉၄ | ၈၉,၂၆၄.၆၉၄ | +၅၃,၈၈၃.၆၀၀ | ၁၀၂.၉၈% | ၁၀၈.၄၃% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉၂,၅၇၁.၈၇၈ | ၅၀,၈၂၅.၈၉၃ | +၄၁,၇၄၅.၉၈၅ | ၈၅,၀၆၂.၃၀၆ | ၄၄,၅၃၅.၈၅၉ | +၄၀,၅၂၆.၄၄၇ | ၉၁.၈၉% | ၈၇.၆၂% |
| | စုစုပေါင်း | ၁,၄၂၅,၇၈၅.၂၁၅ | ၉၃၈,၅၅၉.၈၄၄ | +၄၈၇,၃၂၅.၃၇၁ | ၁,၃၃၈,၀၄၇.၁၉၀ | ၉၃၁,၀၄၂.၇၁၆ | +၄၀၆,၉၀၄.၄၇၄ | ၉၃.၈၅% | ၉၉.၂၂% |

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃) လပတ် (ဧပြီလ မှ ဇွန်လအထိ)

# တိုင်းဒေသကြီး / ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | တတိယ (၃) လပတ်အတွက် လျာထားချက် | | | တတိယ (၃) လပတ် အတွက် ယာယီစာရင်း | | | တတိယ (၃)လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၉၉,၇၃၅.၈၈၆ | ၇,၈၉၁.၆၁၇ | +၉၁,၈၄၄.၂၆၉ | ၉၇,၀၁၉.၀၈၆ | ၇,၆၃၇.၉၁၇ | +၈၉,၃၈၁.၁၆၉ | ၉၇.၂၈% | ၉၆.၇၉% |
| ၂ | ကယားပြည်နယ် | ၃၅,၇၃၄.၃၀၃ | ၄,၆၇၈.၉၄၃ | +၃၁,၀၅၅.၃၆၀ | ၃၄,၂၃၉.၂၀၀ | ၃,၆၈၁.၈၄၅ | +၃၀,၅၅၇.၃၅၅ | ၉၅.၈၂% | ၇၈.၆၉% |
| ၃ | ကရင်ပြည်နယ် | ၅၄,၉၀၃.၃၅၉ | ၄,၂၀၇.၁၁၀ | +၅၀,၆၉၆.၂၄၉ | ၅၄,၇၁၃.၆၅၀ | ၃,၇၁၃.၂၃၈ | +၅၁,၀၀၀.၄၁၂ | ၉၉.၆၅% | ၈၈.၂၆% |
| ၄ | ချင်းပြည်နယ် | ၈၆,၆၁၀.၈၄၈ | ၇,၄၂၀.၃၆၀ | +၇၉,၁၈၉.၄၈၇ | ၈၄,၄၄၂.၃၁၆ | ၁၂,၅၃၉.၃၁၃ | +၇၁,၉၀၃.၀၀၃ | ၉၇.၅၀% | ၁၆၈.၉၆% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁၉,၈၁၅.၄၅၈ | ၂၀,၃၈၂.၂၈၀ | +၉၉,၄၃၃.၁၇၈ | ၁၁၈,၂၆၅.၈၉၇ | ၂၀,၄၇၄.၂၄၀ | +၉၆,၇၉၁.၆၅၇ | ၉၈.၇၀% | ၁၀၅.၃၆% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၈၆,၇၃၀.၅၈၄ | ၆,၂၆၇.၇၀၅ | +၈၀,၄၆၂.၈၇၉ | ၈၆,၈၉၈.၈၀၉ | ၇,၂၀၅.၇၆၅ | +၇၉,၆၉၃.၀၄၄ | ၁၀၀.၁၉% | ၁၁၄.၉၇% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈၆,၃၆၀.၁၅၄ | ၁၇,၁၀၈.၈၅၉ | +၆၉,၂၅၁.၂၉၅ | ၈၂,၉၂၇.၆၄၅ | ၂၁,၅၁၃.၂၄၅ | +၆၁,၄၁၄.၄၀၀ | ၉၆.၀၃% | ၁၂၅.၇၄% |
| ၈ | မကွေးတိုင်းဒေသကြီး | ၁၀၃,၉၃၅.၃၉၃ | ၂၂,၄၃၇.၉၈၁ | +၈၁,၄၉၇.၄၁၂ | ၉၇,၇၉၀.၃၁၄ | ၁၉,၁၉၂.၉၆၁ | +၇၈,၅၉၇.၃၅၃ | ၉၄.၀၉% | ၈၅.၅၄% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၀၄,၄၁၈.၆၅၄ | ၃၆,၄၅၁.၀၆၇ | +၆၇,၉၆၇.၅၈၇ | ၁၀၆,၁၈၃.၁၄၀ | ၃၆,၀၅၂.၉၂၆ | +၇၀,၁၃၀.၂၁၄ | ၁၀၁.၆၉% | ၉၈.၉၁% |
| ၁၀ | မွန်ပြည်နယ် | ၅၈,၉၉၆.၂၃၂ | ၁၁,၁၂၂.၅၅၃ | +၄၇,၈၇၃.၇၁၉ | ၅၈,၁၂၇.၆၃၉ | ၁၀,၉၀၁.၇၉၃ | +၄၇,၂၂၅.၈၄၆ | ၉၈.၅၃% | ၉၈.၀၂% |
| ၁၁ | ရခိုင်ပြည်နယ် | ၉၇,၅၃၉.၈၃၇ | ၁၄,၉၄၉.၅၇၂ | +၈၂,၅၉၀.၂၆၅ | ၉၅,၀၂၇.၉၉၀ | ၁၀,၇၁၂.၅၀၇ | +၈၄,၃၁၅.၄၈၄ | ၉၇.၄၂% | ၇၁.၆၆% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၈၁,၁၈၆.၂၆၇ | ၅၁,၈၅၅.၇၀၇ | +၁၂၉,၃၃၀.၅၆၀ | ၁၆၂,၁၁၁.၉၃၈ | ၅၄,၉၀၅.၅၀၈ | +၁၀၇,၁၀၆.၄၃၀ | ၈၉.၄၂% | ၁၀၅.၈၈% |
| ၁၃ | ရှမ်းပြည်နယ် | ၁၃၉,၀၁၂.၃၆၉ | ၂၈,၇၂၃.၉၈၉ | +၁၁၀,၂၈၈.၃၈၀ | ၁၄၃,၁၄၇.၆၈၈ | ၂၉,၂၄၂.၁၀၇ | +၁၁၃,၉၀၅.၅၈၁ | ၁၀၂.၉၇% | ၁၀၁.၈၀% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉၂,၅၁၇.၂၉၂ | ၁၄,၆၂၄.၀၄၇ | +၇၇,၈၉၃.၂၄၅ | ၈၅,၀၅၀.၅၅၇ | ၁၁,၂၆၇.၂၈၂ | +၇၃,၇၈၃.၂၇၅ | ၉၁.၉၃% | ၇၇.၀၅% |
| | စုစုပေါင်း | ၁,၃၄၇,၄၉၆.၆၇၆ | ၂၄၈,၁၂၂.၇၉၁ | +၁,၀၉၉,၃၇၃.၈၈၅ | ၁,၃၀၅,၈၄၅.၈၇၀ | ၂၅၀,၀၄၀.၆၄၇ | +၁,၀၅၅,၈၀၅.၂၂၃ | ၉၆.၉၁% | ၁၀၀.၇၇% |

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃) လပတ် (ဧပြီလ မှ ဇွန်လအထိ)
# တိုင်းဒေသကြီး / ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | တတိယ (၃) လပတ်အတွက် လျာထားချက် | | | တတိယ (၃) လပတ် အတွက် ယာယီစာရင်း | | | တတိယ (၃)လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၆.၇၀၀ | ၅၄,၇၀၀.၆၉၂ | -၅၄,၆၉၃.၉၉၂ | | ၆၃,၉၅၉.၀၉၅ | -၆၃,၉၅၉.၀၉၅ | | ၁၁၆.၉၃% |
| ၂ | ကယားပြည်နယ် | ၂၂.၉၀၀ | ၁၃,၂၆၈.၇၄၄ | -၁၃,၂၄၅.၈၄၄ | ၄၉၃.၈၁၇ | ၁၉,၁၃၆.၄၁၇ | -၁၈,၆၄၂.၆၀၀ | ၂၁၅၆.၄၁% | ၁၄၄.၂၂% |
| ၃ | ကရင်ပြည်နယ် | - | ၂၀,၀၆၂.၄၇၉ | -၂၀,၀၆၂.၄၇၉ | ၁.၆၂၀ | ၂၅,၃၅၆.၁၈၄ | -၂၅,၃၅၄.၅၆၄ | | ၁၂၆.၃၉% |
| ၄ | ချင်းပြည်နယ် | ၁၀.၆၅၀ | ၄၃,၅၀၃.၉၉၀ | -၄၃,၄၉၃.၃၄၀ | ၀.၀၅၀ | ၃၆,၀၇၂.၀၇၃ | -၃၆,၀၇၂.၀၂၃ | ၀.၄၇% | ၈၂.၉၂% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၀.၀၂၁ | ၄၉,၉၁၃.၉၃၀ | -၄၉,၇၃၃.၉၀၉ | ၇၉.၁၀၉ | ၆၄,၉၂၆.၅၁၇ | -၆၄,၈၄၇.၄၀၈ | ၄၃.၉၄% | ၁၃၀.၀၈% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၁.၀၀၀ | ၃၆,၂၈၂.၅၀၀ | -၃၆,၂၇၁.၅၀၀ | ၃၉.၇၅၀ | ၄၉,၈၉၆.၂၇၅ | -၄၉,၈၅၆.၅၂၅ | ၃၆၁.၃၆% | ၁၃၇.၅၂% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၄၁.၈၅၉ | ၂၉,၆၉၆.၈၂၇ | -၂၉,၆၅၄.၉၆၈ | ၃.၅၉၃ | ၆၂,၁၇၅.၄၂၆ | -၆၂,၁၇၁.၈၃၃ | ၈.၅၈% | ၂၀၉.၃၇% |
| ၈ | မကွေးတိုင်းဒေသကြီး | ၀.၂၀၀ | ၄၈,၆၉၆.၇၀၀ | -၄၈,၆၉၆.၅၀၀ | ၀.၀၅၉ | ၃၈,၇၂၂.၂၀၁ | -၃၈,၇၂၂.၁၄၂ | ၂၉.၅၀% | ၇၉.၅၂% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၄,၅၀၅.၃၉၅ | ၃၈,၉၇၀.၂၄၃ | -၃၄,၄၆၄.၈၅၂ | ၄,၃၃၈.၈၉၅ | ၃၁,၆၁၁.၅၃၇ | -၂၇,၂၇၂.၆၄၂ | ၉၆.၃၀% | ၈၁.၁၂% |
| ၁၀ | မွန်ပြည်နယ် | ၁,၃၅၈.၇၆၀ | ၃၃,၅၈၈.၉၉၆ | -၃၂,၂၃၀.၂၃၆ | ၁၀၈.၅၀၇ | ၂၇,၂၂၄.၂၅၈ | -၂၇,၁၁၅.၇၅၁ | ၇.၉၉% | ၈၁.၀၅% |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၉၀၀.၅၀၄ | ၅၁,၂၁၀.၈၉၄ | -၄၇,၃၁၀.၃၉၀ | ၁,၂၃၉.၀၀၀ | ၄၅,၂၆၈.၆၇၅ | -၄၄,၀၂၉.၆၇၅ | ၃၁.၇၇% | ၈၈.၄၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၅,၈၇၁.၅၀၀ | ၁၈၀,၆၃၈.၄၇၆ | -၁၇၄,၇၆၆.၉၇၆ | ၂,၁၃၇.၂၂၇ | ၁၂၃,၄၆၂.၂၄၇ | -၁၂၁,၃၂၅.၀၂၀ | ၃၆.၄၀% | ၆၈.၃၅% |
| ၁၃ | ရှမ်းပြည်နယ် | ၀.၀၀၂ | ၅၃,၆၀၀.၇၃၂ | -၅၃,၆၀၀.၇၃၀ | ၀.၆၀၆ | ၆၀,၀၂၂.၅၈၇ | -၆၀,၀၂၁.၉၈၁ | ၃၀၃၀၀.၀၀% | ၁၁၁.၉၈% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈.၀၂၅ | ၃၆,၂၀၁.၈၄၆ | -၃၆,၁၉၃.၈၂၁ | ၁၁.၇၄၉ | ၃၃,၂၆၈.၅၇၇ | -၃၃,၂၅၆.၈၂၈ | ၁၄၆.၄၀% | ၉၁.၉၀% |
| | စုစုပေါင်း | ၁၅,၉၁၇.၅၁၆ | ၆၉၀,၃၃၇.၀၅၃ | -၆၇၄,၄၁၉.၅၃၇ | ၈,၄၅၃.၉၈၂ | ၆၈၁,၁၀၂.၀၆၉ | -၆၇၂,၆၄၈.၀၈၇ | ၅၃.၁၁% | ၉၈.၆၆% |

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃) လပတ် (ဧပြီလ မှ ဇွန်လအထိ)
## တိုင်းဒေသကြီး / ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | တတိယ (၃) လပတ်အတွက် လျာထားချက် | | | တတိယ (၃) လပတ် အတွက် ယာယီစာရင်း | | | တတိယ (၃)လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | - | - | | | | | | |
| ၂ | ကယားပြည်နယ် | - | - | | | | | | |
| ၃ | ကရင်ပြည်နယ် | - | - | | | | | | |
| ၄ | ချင်းပြည်နယ် | - | - | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | - | - | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | - | - | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | - | - | | | | | | |
| ၈ | မကွေးတိုင်းဒေသကြီး | - | - | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁,၇၉၅.၄၂၅ | - | +၁၁,၇၉၅.၄၂၅ | ၂,၀၁၁.၃၂၅ | | +၂,၀၁၁.၃၂၅ | ၁၇.၀၅% | |
| ၁၀ | မွန်ပြည်နယ် | ၇,၇၆၂.၂၅၀ | - | +၇,၇၆၂.၂၅၀ | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | - | - | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၂,၇၆၆.၇၈၇ | - | +၄၂,၇၆၆.၇၈၇ | ၂၁,၇၃၆.၀၁၃ | | +၂၁,၇၃၆.၀၁၃ | ၅၀.၈၂% | |
| ၁၃ | ရှမ်းပြည်နယ် | - | - | | | | | | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၄၆.၅၆၁ | - | +၄၆.၅၆၁ | | | | | |
| | **စုစုပေါင်း** | ၆၂,၃၇၁.၀၂၃ | - | +၆၂,၃၇၁.၀၂၃ | ၂၃,၇၄၇.၃၃၈ | - | +၂၃,၇၄၇.၃၃၈ | ၃၈.၀၇% | |

နောက်ဆက်တွဲ(ခ)

# တိုင်းဒေသကြီး / ပြည်နယ်များ၏ ၂၀၁၉-၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ် တတိယ (၃) လပတ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေအား သုံးသပ်တင်ပြချက်

## သာမန်ရငွေ၊သုံးငွေ

၁။ ၂၀၁၉-၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး / ပြည်နယ် (၁၄) ခု၏ သာမန်ရငွေပိုင်းတွင် တတိယ (၃) လပတ် လျာထားချက် ကျပ် ၁,၃၄၇,၄၉၆.၆၇၆ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၁,၃၀၅,၈၄၅.၈၇၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၆.၉၁ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် တတိယ (၃) လပတ် လျာထားချက် ကျပ် ၂၄၈,၁၂၂.၇၉၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၅၀,၀၄၀.၆၄၇ သန်း ဖြစ်သဖြင့်ရာခိုင်နှုန်း ၁၀၀.၇၇ ဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) <u>သာမန်ရငွေပိုမိုရရှိမှု</u>

(၁) <u>တနင်္သာရီတိုင်းဒေသကြီး</u>။ အခြားသာမန်ရငွေ၌ ပြည်နယ်အစိုးရအဖွဲ့မှ မြေငှားရမ်းခရရှိခြင်း၊ ဒဏ်ကြေးငွေများရရှိခြင်း၊ Clean Sea Group Co.,Ltdမှ တင်ဒါစည်းကမ်းဖောက်ဖျက်သဖြင့် အာမခံကြေးများပေးသွင်းလာခြင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်မှ ဒဏ်ငွေများနှင့် ပိုင်ရှင်မဲ့သိမ်းယူထားသော ပစ္စည်းများရောင်းချခြင်းမှရငွေပိုမိုရရှိခြင်း၊ မီးသတ်ဦးစီးဌာနတွင် မီးဘေးလုံခြုံရေးစစ်ဆေးသည့် အထပ်မြင့်အဆောက်အဦများ အရေအတွက်များပြားလာ၍ ရငွေပိုမိုရရှိခြင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ စာမေးပွဲလျှောက်လွှာရောင်း ရငွေရရှိခြင်း၊စိုက်ပျိုးရေးဦးစီးဌာနတွင် လုပ်ငန်းဆောင်ရွက်မှုအတွက် ရငွေများမှရရှိခြင်း၊ မြေငှားရမ်းခများနှင့် စာရင်းစစ် စစ်ဆေးချက်အရ ပိုပေးမိငွေမှပြန်ရငွေများရရှိခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် ကာကွယ်ဆေးထိုးထောက်ခံချက်၊ တိရစ္ဆာန်ကျန်းမာကြောင်းထောက်ခံချက်၊ မွေးမြူရေးခြံမှတ်ပုံတင်ကြေးနှင့် တိရစ္ဆာန်အသားစစ်ဆေးခရငွေများပိုမိုရရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် စားသောက်ကုန်နှင့်လူသုံးကုန်လုပ်ငန်းများ ဆောင်ရွက်သည့်အတွက် မှတ်ပုံတင်ဆောင်ရွက်ခရငွေ ပိုမိုရရှိခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် စာရင်းစစ် စစ်ဆေးချက်အရ ပြန်လည်ပေးသွင်း ငွေရရှိခြင်း၊ လမ်းဦးစီးဌာနတွင် ဘဏ်တိုက်လုံခြုံမှု စစ်ဆေးခရငွေများပိုမိုရရှိခြင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် တင်ဒါပုံစံရောင်းရငွေရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့များတွင် စားသောက်ဆိုင်လုပ်ငန်းလိုင်စင်၊ ပုဂ္ဂလိကအိမ်ဆိုင်၊ ဘေးအန္တရာယ်လုပ်ငန်းလိုင်စင်ခများ ရရှိခဲ့ခြင်းတို့ကြောင့် ပိုမိုရရှိခြင်း။

(၂) မန္တလေးတိုင်းဒေသကြီး။ အခြားသာမန်ရငွေ၌ ပြည်နယ်အစိုးရအဖွဲ့တွင် ဆိပ်ကမ်းဆိုက်ကပ်သည့်အတွက် ရေယာဉ်ရပ်နားခရငွေများ ရရှိခြင်း၊ လယ်ယာမြေအခြားနည်းသုံးစွဲ ဒဏ်ကြေးရငွေရရှိခြင်း ၊ မြို့သာစက်မှုဇုန် မြေငှားရမ်းခများအတွက် မြေတန်ဖိုးများပေးသွင်းခြင်းနှင့် ကတ္တရာနှင့်ရေနံထွက်ပစ္စည်းများ သိုလှောင်ဖြန့်ဖြူးရန်အတွက် လုပ်ငန်းအာမခံကြေးများ ပေးသွင်းခဲ့ရာ အချိန်လွန်အပ်ငွေခေါင်းစဉ်ဖြင့် ဌာန၏သာမန်ရငွေသို့ စာရင်းပြောင်းရွှေ့ရရှိခြင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်မှ မော်တော်ယာဉ်ဥပဒေအရ တပ်ရိုက်သော ဒဏ်ငွေများရရှိခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနတွင် ကြေးတိုင်အင်း များ ရာခိုင်နှုန်းအလိုက်တိုးမြှင့်ရရှိခြင်း၊ တစ်ချို့အင်းများ အိတ်ပိတ်တင်ဒါခေါ်ယူရာတွင် အပြိုင်အဆိုင်ဈေးပေးခြင်း၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေထုတ်ပေးခြင်း၊ မွေးမြူရေးခြံမှတ်ပုံတင်ထုတ်ပေးခြင်း ၊ ကြက်ဥအကောင်ဖောက်စက်မှ ကြက်ပေါက်ဖြန့်ဖြူးမှုစစ်ဆေးခရငွေများ၊ ပျားလုပ်ငန်းဦးစီးဌာနရုံးမှ ပျားဘုရင်မရောင်းချငွေရရှိခြင်း ၊ သမဝါယမဦးစီးဌာနတွင် အသင်းမှတ်ပုံတင်ကူးခများ ပိုမိုရရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ခတ်ခွဲစမ်းသပ်ခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်းနှင့် သင်တန်းကြေးများ ပိုမိုရရှိခြင်း၊ သစ်တောဦးစီးဌာနတွင် သစ်တောထွက်ပစ္စည်းများ အပေါ်ဒေသပေါက်ဈေးနှုန်း၏ (၂၅%) ဖြင့် အခွန်ကောက်ခံရရှိခြင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မြင်းခြံမြို့နယ်ရုံး (RC) တစ်ထပ်ဆောက်လုပ်ခြင်းလုပ်ငန်းမှ ကြမ်းခင်းလုပ်ငန်းများထက် ပိုမိုတွက်ချက်ခြင်းအတွက် ပြန်လည်ပေးသွင်းရရှိခြင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် လစာငွေ ငွေစာရင်းခေါင်းစဉ်မှ ပိုထုတ်မိငွေ ပြန်လည်ပေးသွင်းခြင်းနှင့် စာမေးပွဲကြေးများပေးသွင်းခြင်း၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ရုံးအဆောက်အဦး ဆောက်လုပ်ရာတွင် မပြီးစီးသေးသည့်အတွက်ဒဏ်ကြေး ရငွေရရှိခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင်ဝန်ထမ်းအိမ်ရာအသစ်များ ထပ်မံချထားပေးခြင်းကြောင့် အိမ်လခများရရှိခြင်း ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အငှားအိမ်ရာအိမ်လခပေးသွင်းခြင်း၊ ကျုံးဘေးနေရာ ငှားရမ်းခြင်း၊ ပန်းဈေးအသစ်ထပ်မံဖွင့်လှစ်ခြင်း၊ ရတနာပုံဈေးဧရိယာငှားရမ်းခြင်း၊ အစိုးရမြေဂရန်သစ် လျှောက်ထားခြင်း၊ သတင်းစာကြော်ငြာခများ ပိုမိုရရှိခြင်းနှင့် ကန်တော်ကြီး ငှားရမ်းခရရှိခြင်း။

(၃) ရှမ်းပြည်နယ်။ အခွန်ရငွေ၌ ဓါတ်သတ္တုခွန်၊ ယစ်မျိုးခွန်၊ ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ အင်းအိုင်ခွန်နှင့် သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်များနှင့် ဘီးခွန်များပိုမိုရရှိခြင်း၊ အခြားသာမန်ရငွေ၌ ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ဒဏ်ကြေးငွေများ ပိုမိုရ

ရှိခြင်း၊ ငွေတိုက်ဦးစီးဌာနမှ တတိယ(၃)လပတ်အတွင်း ထောက်ပံ့ငွေရငွေများ ပေးသွင်းခဲ့သည့်အတွက် ရရှိခြင်း၊ အခွန်ဝေစုရငွေများ ဖြည့်စွက်ခွင့်ပြုငွေ စာရင်းရေးဆွဲချိန်တွင် ထပ်မံခွဲဝေပေးသဖြင့် ပိုမိုရရှိခြင်း၊ လွှတ်တော်ရုံးမှ ဥပဒေစာအုပ်များရောင်းရငွေ၊ ညှော်ရိပ်သာတည်းခိုစရိတ်များ ပိုမိုကောက်ခံ ရရှိခြင်း၊ ပြည်နယ်တရားလွှတ်တော်ရုံးတွင် အမှုတွဲခန်းမ လက်ငင်းရငွေများ၊ ယစ်မျိုးမှုများ၊ မော်တော်ယာဉ်မှုများ၊ ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်းများနှင့် အခြားရငွေများရရှိခြင်း၊ ပြည်နယ်ဥပဒေရုံးတွင် စာရင်းစစ် စစ်ဆေးချက်အရ ပိုပေးမိငွေအား ပြန်လည်ပေးသွင်းခြင်းမှ ရငွေရရှိခြင်း၊ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ မြေခွန်တော် (၂၀) ဆ ပေးသွင်းခြင်း၊ နှစ်လွန်ဂရန်ဒဏ်ကြေးနှင့် ရက်လွန်ဒဏ်ကြေးငွေများ ရရှိခြင်း ၊ မီးသတ်ဦးစီးဌာနမှ အထပ်မြင့် အဆောက်အဦ များ ဆောက်လုပ်ခြင်းအတွက် မီးဘေးလုံခြုံရေးစစ်ဆေးခကောက်ခံရရှိခြင်း ၊ သစ်တောဦးစီးဌာနမှ တရားမဝင်သစ်ဖမ်းဆီးရမိခြင်းအတွက် ဒဏ်ကြေး ၊ သစ်စက်လိုင်စင် ၊ ဆင်လိုင်စင် သက်တမ်းတိုးခြင်း၊ စည်ပင်သာယာရေးအဖွဲ့များ တွင် ဌာနပိုင်ယာဉ်များ၊ ဈေးဆိုင်ခန်းများ၊ သားသတ်ရုံများ၊ ယာဉ်စက်ယန္တရားများ ငှားရမ်းခြင်းမှရငွေ၊ အနေးယာဉ်များနှင့် အခြားစီးပွားရေးလုပ်ငန်းများအပေါ် ကောက်ခံသည့်အခွန်အခရငွေများနှင့် လေလံကြေးပေးသွင်းငွေများ ပိုမိုရရှိခြင်း၊ နယ်စပ်ဖြတ်သန်းခရငွေများပိုမိုရရှိခြင်း။

(ခ) <u>သာမန်ရငွေလျော့နည်းရရှိမှု</u>

(ဂ) <u>သာမန်သုံးငွေပိုမိုသုံးစွဲမှု</u>

(၁) <u>ချင်းပြည်နယ်</u> ။ ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ခရီးစရိတ် များ ထုတ်ယူခြင်း၊ ပြည်ထောင်စုညှော်ရိပ်သာပြင်ဆင်ခြင်း ၊ COVID -19 ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် လိုအပ်သည့်အသုံးစရိတ်များ သုံးစွဲခြင်း ၊ ပြည်နယ်လွှတ်တော်ရုံးတွင် ဝန်ထမ်းသစ် (၂)ဦး ခန့်ထားခဲ့၍ လစာ၊ စရိတ်ချီးမြှင့် ငွေတွင် ပိုမိုသုံးစွဲခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် COVID-19ကြောင့် ရောဂါကာကွယ်ပစ္စည်းများ ဝယ်ယူရခြင်းနှင့် မိလ္လာများ၊ ရေမြောင်းများ ပြင်ဆင်ခြင်း ကြောင့်ပိုမိုသုံးစွဲရခြင်း၊ လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့တွင် လမ်း/ တံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပိုမို သုံးစွဲခဲ့ခြင်း။

(၂) <u>စစ်ကိုင်းတိုင်းဒေသကြီး</u> ။ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန ၊ အဖွဲ့အစည်းများ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ဆည်မြောင်းဦးစီးဌာနနှင့်

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့မှ ဆည်၊ မြောင်း၊ တာတမံလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါ၍ ငွေထုတ်ယူမှုများပြားခြင်းကြောင့် ပြင်ဆင်ထိန်းသိမ်းစရိတ် ပိုမိုသုံးစွဲခြင်း၊ Covid-19 ရောဂါမှ ကာကွယ်ရန်အတွက် ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခြင်းကြောင့် ပညာရေးနှင့် လူမှုရေးအသုံးစရိတ်များ ပိုမိုသုံးစွဲခြင်း၊ လမ်းဦးစီးဌာနမှ လျှပ်စစ်ဓါတ်အားခ ခန့်မှန်းသည်ထက် အမှန်တကယ်ပေးချေရသည့် ကုန်ကျစရိတ်တိုးမြှင့်ခြင်းကြောင့် ပိုမိုသုံးစွဲခြင်း၊ တတိယ(၃)လပတ်တွင် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်၍ ငွေထုတ်ယူသောကြောင့် ပြင်ဆင်ထိန်းသိမ်းစရိတ်များ ပိုမိုသုံးစွဲခြင်း၊ တိုင်းဒေသကြီး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ထုတ်ယူမှုစရိတ် (ပြင်ထိန်း) အသုံးစရိတ်များနှင့် စီမံသုတေသနရောင်းဖြန့် ငွေကြေးစရိတ်များ ထုတ်ယူခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှပြင်ဆင်ထိန်းသိမ်းစရိတ်များ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးမှုကြောင့် ပိုမိုသုံးစွဲရခြင်းဖြစ်ပါသည်။

(၃) <u>တနင်္သာရီတိုင်းဒေသကြီး</u>။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် လုပ်အားခများ၊ ဂိတ်ကြေးများ၊ ငှားရမ်းခများ ၊ လျှပ်စစ်ဓါတ်အားခများ၊ ရုံးအသုံးအဆောင်များ၊ ဌာနဆိုင်ရာကော်မတီအသုံးစရိတ်များ၊ ကယ်ဆယ်ရေး၊ စောင့်ရှောက်ရေးနှင့် ပြန်လည်နေရာချထားရေး အသုံးစရိတ်များ ထုတ်ယူသုံးစွဲမှုများပြားခြင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မိုးတွင်းကာလနီးကပ်လာပြီဖြစ်သဖြင့် သာမန် / အထူး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်ခဲ့ခြင်းအတွက် ပိုမိုသုံးစွဲခြင်း ၊ မီးသတ်ဦးစီးဌာနတွင်ပြောင်းရွှေ့လာသည့် ဝန်ထမ်းဦးရေများပြားခြင်းနှင့် တပ်သားသစ်များခန့်ထားခြင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် နှစ်တိုးခံစားရသည့် ဝန်ထမ်းဦးရေများပြားခြင်း၊ Covid -19 အတွက် အပူချိန်တိုင်းကိရိယာ ဝယ်ယူခြင်းနှင့် ဘုတ်ပြင်းမြို့နယ်အားကစားကွင်းပွဲကြည့်စင် ပြန်လည်ပြုပြင်ခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဝန်ကြီးအိမ်ရာများ၌ ကြမ်းခင်းကြွေပြားများ ပြန်လည်ခင်းခြင်း၊ မိုးကာပလက်စတစ်ကာရံခြင်း ၊ လုံခြုံရေးမီးများပြုပြင်ခြင်း၊ အငှားအိမ်ရာရှိ တိုက် အမှတ် (၂) တွင် လျှပ်စစ်မီးများ ပြင်ဆင်ခြင်း၊ လမ်းဦးစီးဌာန၌ ဒုတိယ(၃)လပတ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းအသုံးစရိတ်အချို့ကိုခရိုင်အဖွဲ့များမှ တတိယ (၃) လပတ်အတွင်းမှ ထုတ်ယူခြင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် ပထမ (၆) လပတ်တွင် ပြီးစီးခဲ့သည့် လုပ်ငန်းအချို့အား တတိယ(၃) လပတ်တွင်မှ ငွေထုတ်ယူခြင်းနှင့် တင်ဒါဖွင့်ပွဲအသုံးစရိတ်များသုံးစွဲခြင်း၊ စည်ပင်

သာယာရေးအဖွဲ့များတွင် မောတော်ယာဉ်မြို့တွင် ဝန်ထမ်းများထပ်မံခန့်ထားခြင်း၊ ခရီးသွားလာမှုများပြားခြင်းနှင့် ပြောင်းရွှေ့ခြင်း၊ လုပ်အားခများ၊ ပုံနှိပ်ခများနှင့် လုပ်ငန်းသုံးပစ္စည်းများ ထုတ်ယူသုံးစွဲခြင်း။

(၄) ပဲခူးတိုင်းဒေသကြီး။ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန ၊ အဖွဲ့အစည်းများ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Copier နှင့် Air-con ပြင်ဆင်စရိတ်များ၊ COVID-19 ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် အသုံးစရိတ်များ ထုတ်ပေးခြင်း ၊ လိုအပ်သောဆေးဝါးများဝယ်ယူခြင်းနှင့် အခြားလိုအပ်သော ပစ္စည်းများဝယ်ယူခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် အသုံးစရိတ်များ ထုတ်ပေးခြင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေနှင့် UNDP ထောက်ပံ့ငွေများအား မြို့နယ်များသို့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် လွှဲပြောင်းပေးခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် တိုင်းရုံးရိပ်သာအတွက် အသုံးအဆောင်ပစ္စည်းများ ၊ တိုင်းရုံး၏ မီတာ (၁၆) လုံးနှင့် ထရန်စဖော်မာအတွက် လျှပ်စစ်ဓါတ်အားခများ၊ မြေတိုင်းတာရေးလုပ်ငန်းများဆောင်ရွက်ရန် အသုံးစရိတ် ၊ တောင်ငူခရိုင်ရုံး မော်တော်ယာဉ်(၁)စီးအတွက် စက်သုံးဆီဝယ်ယူခြင်း၊ တိုင်းရုံးရိပ်သာ သံပန်းတပ်ဆင်ခြင်း၊ ပြည်ခရိုင် (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၂)လုံး ပြုပြင်ခြင်းနှင့် ဆေးသုတ်ခြင်း၊ ရေတာရှည်မြို့နယ် အုပ်ချုပ်ရေးမှူးနေအိမ် ရေစင်ပြုပြင်ခြင်း၊ ကဝမြို့နယ်ယာယီရုံးခန်း ဖွင့်လှစ်ရန်ပြင်ဆင်ခြင်းတို့အား (GRF) မှ ကျခံသုံးစွဲခြင်းနှင့် ဝန်ထမ်းများ အချိန်ပိုကျွေးမွေးခြင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်းတံတား လုပ်ငန်းများအား (၆/၂၀၂၀) လအထိ လုပ်ငန်းပြီးစီးမှုများအတိုင်း ငွေထုတ်ယူခဲ့ခြင်းများကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်း ဖြစ်ပါသည်။

(၅) ရန်ကုန်တိုင်းဒေသကြီး။ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းအတွက် ကုန်ကျစရိတ်များပိုမိုသုံးစွဲခြင်း ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နယ်ပြောင်းရွှေ့ဝန်ထမ်းများအတွက် ခရီးစရိတ်များပိုမိုသုံးစွဲခြင်း ၊ အစည်းအဝေးကျွေးမွေးစရိတ်များ ပိုမိုသုံးစွဲရခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ Air-con ၊ ခြစားထားသည့် မျက်နှာကျက်သစ်သားများ ပြင်ဆင်ခြင်းနှင့် မော်တော်ယာဉ်ပြင်ဆင်ခြင်းတို့ကြောင့် ပိုမိုသုံးစွဲခြင်း၊ လမ်းဦးစီးဌာန၊ ကျေးလက်

လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် လမ်း ၊ တံတား ၊ ရေမြောင်းများရာနှုန်းပြည့်နီးပါး ပြင်ဆင်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်း။

(၆) ရှမ်းပြည်နယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အဆောက်အဦများ ပျက်စီးမှုနည်းနိုင်သမျှနည်းပါးစေရန်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်း၊ စည်ပင်သာယာရေးအဖွဲ့များတွင် ပြီးပျက်သွားသော လုပ်ငန်းများအား တတိယ (၃)လပတ်အတွင်း အသုံးစရိတ်အပြည့်ပေးချေခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် တတိယ (၃) လပတ်အတွင်း စာရေးကိရိယာအသုံးစရိတ်များ ပိုမိုသုံးစွဲခြင်း၊ အငြိမ်းစားယူသောဝန်ထမ်းများ၏ လုပ်သက်ဆုငွေများအား သုံးစွဲရန်လျာထားမှု မရှိသော်လည်း ပင်စင်ဦးစီးဌာနမှ အမှုတွဲများပေးပို့၍ ပင်စင်ခံစားခွင့်ပြုခဲ့သောကြောင့် လျာထားချက်ထက်ပိုမိုသုံးစွဲခြင်း။

(ဃ) **<u>သာမန်သုံးငွေလျော့နည်းသုံးစွဲမှု</u>**

(၁) ကယားပြည်နယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သောဌာန၊ အဖွဲ့အစည်းများတွင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၌ ဌားရမ်းခနှင့်ထုတ်လုပ်ခများ သုံးစွဲမှုမရှိခြင်း၊ စက်ကိရိယာများ၊ အဆောက်အဦများတွင် ပျက်စီးယိုယွင်းမှုနည်းပါး၍ ပြင်ဆင်စရိတ် လျော့နည်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ရုံးအသုံးအဆောင်ပစ္စည်းများသုံးစွဲမှုနှင့် အခမ်းအနားများ မကျင်းပနိုင်သဖြင့် ငှားရမ်းခများလျော့နည်းခြင်း၊ ဌာနပိုင် ဆိုင်ကယ်(၁)စင်း ပျောက်ဆုံးသွားသဖြင့် ပြင်ဆင်စရိတ်လျော့နည်းခြင်း၊အသိပညာပေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပနိုင်မှုမရှိသဖြင့် ကျွေးမွေးကုန်ကျစရိတ်လျော့နည်းခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(လွိုင်ကော်)တွင် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူမှုနည်းပါးခြင်း၊ Air-con နှင့် Computer ပျက်စီးမှုနည်းပါး၍ ပြင်ဆင်စရိတ်လျော့နည်းခြင်း၊ ဝန်ထမ်းများ၏ အချိန်ပိုကျွေးမွေး စရိတ်ထုတ်ယူမှု မရှိခြင်းကြောင့် လျော့နည်းခြင်း၊ လမ်းဦးစီးဌာနတွင် နေ့စားဝန်ထမ်းများအတွက် ရုံးပိတ်ရက်နှုတ်၍ပေးချေခြင်းနှင့် လျှပ်စစ်ဓါတ်အားခလျော့နည်း သုံးစွဲခြင်း၊ လမ်းတံတား ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများမှာ စတုတ္ထ (၃) လပတ်မှသာ ထုတ်ယူသုံးစွဲမည် ဖြစ်သောကြောင့်

လျော့နည်းခြင်း၊ စည်ပင်သာယာရေးအဖွဲ့တွင် အချို့လမ်းမီးများအတွက် လျှပ်စစ်မီတာခများ တောင်းခံလာမှုမရှိသေးခြင်း၊ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရန် COVID-19 ကာလဖြစ်သည့်အတွက် အချို့လုပ်ငန်းများ ဆောင်ရွက်မှု မရှိသေးခြင်း၊ လုပ်ငန်းညှိနှိုင်းအစည်း အဝေးနှင့်တင်ဒါအစည်းအဝေးများအတွက် ကျွေးမွေးစရိတ်များ လျော့နည်းသုံးစွဲ ခြင်းကြောင့် လျော့နည်းရခြင်းဖြစ်ပါသည်။

(၂) <u>ရခိုင်ပြည်နယ်</u>။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ အနေဖြင့် လစာ၊ ခရီးစရိတ် ၊ လုပ်အားခကုန်ကျစရိတ် ၊ပြင်ဆင်ထိန်းသိမ်းစရိတ် ၊ ပညာရေးနှင့်လူမှုရေးအသုံးစရိတ်များ၊ ဧည့်ခံကျွေးမွေးစရိတ် ၊ လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ဒေသဖွံ့ဖြိုးရေးအသုံးစရိတ်များ လျော့နည်းသုံးစွဲခြင်းကြောင့် လျော့နည်းရခြင်း ဖြစ်ပါသည်။

(၃) <u>ဧရာဝတီတိုင်းဒေသကြီး</u>။ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့ အစည်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဝန်ကြီးများ၏ စရိတ်ချီးမြှင့်ငွေများ နည်းပါးခြင်း၊ ခရီးစဉ်နေ့တွက်စရိတ်များ နည်းပါးခြင်း၊ ဧည့်ခံကျွေးမွေးစရိတ်များ လျော့နည်းသုံးစွဲခြင်း၊ ရုံးအသုံးအဆောင်ပစ္စည်းများ လျော့နည်းသုံးစွဲခြင်း၊ စက်သုံးဆီများလျော့နည်း သုံးစွဲခြင်း၊ တိုင်းဒေသကြီးလွှတ်တော်ရုံးမှ ဝန်ထမ်းဖွဲ့စည်းပုံပြည့် ခန့်ထားနိုင်မှုမရှိခြင်း၊ လွှတ်တော်သတင်းလွှာထုတ်ဝေမှုကို အစည်းအဝေးကျင်းပသည့်ရက်အတိုင်း ထုတ်ဝေနိုင်မှုမရှိခြင်း၊ သယ်ပို့ခများ နှင့် လုပ်အားခများ ၊ လျှပ်စစ်ဓါတ်အားခများ ခြိုးခြံချွေတာသုံးစွဲခြင်းနှင့် ရုံးအသုံးအဆောင်များ ဝယ်ယူမှု စိစစ်သုံးစွဲ ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး ပညာပေးသင်တန်းများ ဖွင့်လှစ်မှု နည်းပါးခြင်း ၊ ဝန်ထမ်းများပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း၊ ပင်စင်ယူခြင်း၊ ဝတ်စုံစရိတ်နှင့်အရန်မီးသတ်သင်တန်း အသုံးစရိတ်များသုံးစွဲမှု လျော့နည်းခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ် လျော့နည်းခြင်း၊ နယ်မြေ ကွင်းဆင်းမှု ခက်ခဲခြင်းကြောင့် လျော့နည်းခြင်း၊ တယ်လီဖုန်းခနှင့် မီတာခများ လျော့နည်း သုံးစွဲခြင်း။

**ငွေလုံးငွေရင်းရငွေ၊သုံးငွေ**

၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး / ပြည်နယ် (၁၄) ခု၏ ငွေလုံးငွေရင်းရငွေပိုင်း

တွင် တတိယ (၃) လပတ် လျာထားချက် ကျပ် ၁၅,၉၁၇.၅၁၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၈,၄၅၃.၉၈၂ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၅၃.၁၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ (၃) လပတ် လျာထားချက် ကျပ် ၆၉၀,၃၃၇.၀၅၃ သန်း ဖြစ်ပြီး ၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆၈၁,၁၀၂.၀၆၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၈.၆၆ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က)ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု

(၁)ကယားပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက် ပိုမိုရရှိခြင်းမှာ ပြည်နယ်အစိုးရအဖွဲ့တွင် မတည်ပစ္စည်းရောင်းချခြင်းမှ ရငွေ၊ စည်ပင်သာယာရေးအဖွဲ့တွင် ဒီးမော့ဆိုမြို့မဈေးနှင့် ဖရူဆိုမြို့မဈေးတို့အား အဆင့်မြှင့်တင်တည်ဆောက်ပြီး ဈေးဆိုင်ခန်းများ အရစ်ကျစနစ်ဖြင့် ရောင်းချရငွေများ ပိုမိုရရှိခဲ့ခြင်း။

(၂) ကရင်ပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်း စည်ပင်သာယာရေးအဖွဲ့မှ မတည်ပစ္စည်းရောင်းရငွေ ရရှိခဲ့သဖြင့် ပိုမိုရရှိခြင်း။

(၃) တနင်္သာရီတိုင်းဒေသကြီး။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက် ပိုမိုရရှိခြင်းမှာ ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ထားဝယ်မြို့၊ ဆန်းချီမြို့သစ်ရပ်ကွက်ရှိ ပင်လုံအိမ်ရာတိုက်ခန်း ရောင်းချရငွေများရရှိခြင်းနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် သွပ်ပြားအဟောင်းနှင့် ဝရံတာလက်ရန်းအဟောင်းများ ရောင်းချခြင်းတို့မှ ရငွေပိုမိုရရှိခြင်း။

(၄) ရှမ်းပြည်နယ်။ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက်ပိုမိုရရှိခြင်းမှာ စည်ပင်သာယာရေးအဖွဲ့မှ မော်တော်ယာဉ်အဟောင်းများ ပြန်လည်ရောင်းချခြင်းနှင့်ရေမီတာများ ရောင်းချခြင်းတို့မှရရှိခြင်း။

(၅) ဧရာဝတီတိုင်းဒေသကြီး ။ ငွေလုံးငွေရင်းတွင် လျာထားချက်ထက် ပိုမိုရရှိခြင်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် အကြိုအင်ဂျင်နီယာလုပ်ငန်းမှ ပိုထုတ်မိငွေရရှိခြင်း။

(ခ)ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု

(၁) ကချင်ပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက် လျော့နည်းရရှိခြင်း

မှာမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ငွေလုံးငွေရင်းရငွေ လျာထားခဲ့သော်လည်း ပထမ(၆)လပတ်တွင် ရရှိခဲ့ပြီး ဖြစ်ပါသဖြင့် လျော့နည်းရခြင်းဖြစ်ပါသည်။

(၂) ချင်းပြည်နယ် ။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက် လျော့နည်းရရှိခြင်းမှာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝမ္မသူးမောင် အားကစားရုံးဟောင်းအား လေလံတင်ရောင်းချခြင်းနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဝန်ထမ်းအိမ်ရာဟောင်း (၃) လုံး အစားထိုးတည်ဆောက်ရာတွင် လေလံတင်ရောင်းချရငွေများမှာ တတိယ (၃) လပတ်တွင် လျာထားခဲ့သော်လည်း ဒုတိယ (၃) လပတ်အတွင်း ရငွေများ ရရှိခဲ့ပြီးဖြစ်ပါသဖြင့် လျာထားချက်ထက် လျော့နည်းခြင်းဖြစ်ပါသည်။

(၃) စစ်ကိုင်းတိုင်းဒေသကြီး။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက် လျော့နည်းရရှိခြင်းမှာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ သုသာန်မြေရောင်းရန်ကျန်ရှိနေခြင်းကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း ဖြစ်ပါသည်။

(၄) ပဲခူးတိုင်းဒေသကြီး ။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက်လျော့နည်းရရှိခြင်းမှာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် တတိယ (၃) လပတ်တွင် လျာထားခဲ့သော်လည်း အဆောက်အဦးဟောင်းရငွေအား ပထမ (၆) လပတ် အတွင်း ရရှိပြီးဖြစ်ခြင်းနှင့် စည်ပင်သာယာရေးအဖွဲ့များတွင် ဈေးဆိုင်ခန်းများ၊ ရေမီတာ၊ ပစ္စည်းဟောင်းများနှင့် ကတ္တရာပီပါခွံ ရောင်းရငွေများအား တတိယ (၃)လပတ်အတွင်း ခန့်မှန်းလျာထားခဲ့သော်လည်း ရရှိခဲ့ခြင်းမရှိသည့်အတွက် လျာထားချက်အောက် လျော့နည်းရရှိ ခြင်းဖြစ်ပါသည်။

(၅) မကွေးတိုင်းဒေသကြီး။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက် လျော့နည်းရရှိခြင်းမှာ စည်ပင်သာယာရေးအဖွဲ့များသည် ရငွေလျာထားခဲ့သော်လည်း ပထမ (၆) လပတ်တွင် ရရှိပြီးဖြစ်၍ လျော့နည်းရရှိခြင်းဖြစ်ပါသည်။

(၆) မွန်ပြည်နယ် ။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက် လျော့နည်းရရှိခြင်းမှာ ပြည်နယ်အစိုးရအဖွဲ့ရုံးမှ တန်ဖိုးနည်းအိမ်ရာတိုက်ခန်း ရောင်းရငွေလျော့နည်း ရရှိခြင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားရုံဟောင်းနှင့် ပွဲကြည့်စင်ဟောင်းရောင်းရငွေနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့ပြလခရအဆောက်အဦဟောင်း လေလံတင်ရောင်းရငွေတို့မှာ လျာထားခဲ့သော်လည်း ဒုတိယ(၃)လပတ်တွင် ရရှိခဲ့ပြီးဖြစ်ခြင်းကြောင့် ရငွေရရှိမှု မရှိခြင်း။

(၇) ရခိုင်ပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက် လျော့နည်းရရှိခြင်းမှာ ပြည်နယ်အစိုးရအဖွဲ့တွင် အိန္ဒိယနိုင်ငံမှရရှိမည့် ပြည်ပအကူအညီရငွေသည် တတိယ(၃)လပတ်အတွင်း မရရှိသေးခြင်းကြောင့်လျော့နည်းခြင်း။

(၈) ရန်ကုန်တိုင်းဒေသကြီး ။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက် လျော့နည်းရရှိခြင်းမှာ Covid-19 ကာလအတွင်း မြေလွတ်ရောင်းချရငွေနှင့် တိုက်ခန်းများရောင်းချရငွေများ လျော့နည်းရရှိခြင်း။

(ဂ) ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု

(၁) ကချင်ပြည်နယ် ။ ငွေလုံးငွေရင်းသုံးငွေတွင် လျာထားချက်ထက်ပိုမိုသုံးစွဲခြင်းမှာ ဘဏ္ဍာရေးနှစ်အတွင်း မပြီးပြတ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ခရိုင် (၃) ခု စက်ရေတွင်းတူးဖော်ခြင်း၊ ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းများ၊ ရေလှဲဆည် တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပြည်နယ်၏အထွေထွေပိုလျှံ ရန်ပုံငွေမှ ရရှိသောလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးဦးစီးဌာန၏ ဆောက်လုပ်ရေးလုပ်ငန်းများမှာ ဒုတိယ(၃) လပတ်အတွင်း ဆောင်ရွက်နိုင်ပြီး ဖြစ်သော်လည်း ငွေပေးချေခြင်းအား တတိယ (၃) လပတ်မှ ပေးချေခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ပူတာအိုခရိုင်ရုံးနှင့် ရွှေကူမြို့နယ်ရုံး တည်ဆောက်ရေးလုပ်ငန်းများမှ မူလလျာထားသည့် ရာခိုင်နှုန်းထက်ပိုမို၍ တည်ဆောက်ပြီးစီးခြင်း၊လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တည်ဆောက်ရေးလုပ်ငန်းများတွင် တတိယ (၃) လပတ်မှ စုပေါင်း၍ ငွေလာရောက် ထုတ်ယူခြင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လမ်း/ တံတားလုပ်ငန်းများသည် ဒုတိယ(၃)လပတ်အတွင်း လုပ်ငန်းပြီးစီးသော်လည်း သက်ဆိုင်ရာမြို့နယ် တည်ဆောက်ရေး၊ လုပ်ငန်းအရည်အသွေး စစ်ဆေးရေးကော်မတီ၏ စစ်ဆေးချက်အစီရင်ခံစာ ဆောင်ရွက်ဆဲဖြစ်၍ ငွေထုတ်ယူနိုင်ခြင်းမရှိဘဲ တတိယ (၃) လပတ်အတွင်းမှ လာရောက်ထုတ်ယူခြင်း၊ စည်ပင်သာယာရေး အဖွဲ့များ၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ဒုတိယ (၃) လပတ်မှ လုပ်ငန်းများအတွက် ကျန်ငွေများအား တတိယ (၃) လပတ်အတွင်း လာရောက်ထုတ်ယူခြင်း၊ ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေမှ ထပ်မံရရှိခြင်းတို့ကြောင့် လျာထားချက်ထက်ပိုမိုခြင်း သုံးစွဲရခြင်း ဖြစ်ပါသည်။

(၂) ကယားပြည်နယ်။ ငွေလုံးငွေရင်းသုံးငွေတွင် လျာထားချက်ထက်ပိုမိုသုံးစွဲခြင်းမှာ ပြည်နယ်အစိုးရအဖွဲ့တွင် ဒေသဖွံ့ဖြိုးရေးအတွက် GRF မှ ခွင့်ပြုထားသော

ပညာရေး၊ သာသနာရေးလုပ်ငန်း၊ လမ်းနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများအတွက် ထုတ်ယူသုံးစွဲခြင်းကြောင့် ပိုမိုခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တတိယ (၃) လပတ်အထိ အသုံးစရိတ် ထုတ်ယူသုံးစွဲခြင်း ၊ မြေယာနစ်နာကြေး ထောက်ပံ့ငွေထုတ်ယူသုံးစွဲခြင်းနှင့် မြစိမ်းရောင်စီမံကိန်း(၄) မြို့နယ်အတွက် ရန်ပုံငွေ (၁၀၀%) ထုတ်ယူသုံးစွဲခြင်း၊ ပြည်နယ်လွှတ်တော်တွင် မြေထိန်းနံရံနှင့်ကားဂိုဒေါင် ဆောက်လုပ်ခြင်းအတွက် (၂၅%) ပေးချေခြင်း ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အဆောက်အဦအား ဒုတိယ(၃)လပတ်တွင် လျာထားခဲ့သော အသုံးစရိတ်များအား တတိယ (၃) လပတ်မှသာ ထုတ်ယူသုံးစွဲခြင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် လုပ်ငန်းသစ်များ အဆောက်အဦတွင် (၂၅%) လျာထားခဲ့သော်လည်း (၇၅%) ထုတ်ယူခဲ့ခြင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် ဖားဆောင်းမြို့နယ်ရုံးရှေ့လမ်းသည် မူလလျာထားစဉ်က ပါဝင်ခြင်းမရှိသော်လည်း ပြည်ထောင်စုလမ်းအား ပြင်ဆင်ထိန်းသိမ်းခဲ့ရာတွင် ရုံးအဝင်လမ်းမှာ အသုံးပြုရန်အဆင်မပြေခြင်းကြောင့် GRF မှ တောင်းခံသုံးစွဲခဲ့ခြင်း၊ ရုံးခြံစည်းရိုးကာရံခြင်း၊ ရုံးအိမ်သာ၊ ရေချိုးခန်းနှင့် ကားဂိုဒေါင်တည်ဆောက်ခြင်းတို့မှာ လျာထားချက်မရှိသော်လည်း (၁၀%) ထုတ်ယူခဲ့ခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဒုတိယအရစ်နှင့် တတိယအရစ်အသုံးစရိတ်ပေါင်း၍ ထုတ်ယူသုံးစွဲခြင်း၊ သစ်တောဦးစီးဌာနတွင် အခြားတည်ဆောက်ရေးလုပ်ငန်းများမှ တတိယ(၃)လပတ်မှသာ မြို့နယ် တည်ဆောက် ရေးကော်မတီ၏ ထောက်ခံချက်ရရှိ၍ ရန်ပုံငွေထုတ်ယူသုံးစွဲခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ (၂၅%) လျာထားခဲ့သော်လည်း (၄၀%) ထုတ်ယူသုံးစွဲခြင်း၊ လမ်းဦးစီးဌာနတွင် အဆောက်အဦ၊ လမ်း၊ တံတားများမှ လုပ်ငန်းပြောင်းဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းစတင်ချိန်နောက်ကျ၍ တတိယ(၃)လပတ်မှသာ အသုံးစရိတ်ထုတ်ယူခြင်းနှင့် စက်ကိရိယာများ ဒုတိယ(၃)လပတ်တွင် လျာထားပြီး တတိယ(၃)လပတ်မှသာ သုံးစွဲခဲ့ခြင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒုတိယ(၃)လပတ်၌ တောင်းခံ ထားသည့် ငွေထုတ်ခွင့်များ တတိယ(၃)လပတ်မှသာ ရရှိသဖြင့် ပိုမိုသုံးစွဲခြင်း၊ စည်ပင်သာယာရေးအဖွဲ့တွင် တတိယ(၃)လပတ်၌ လျာထားခဲ့သည့် လုပ်ငန်းများ အပြင် GRF မှ ခွင့်ပြုထားသည့် လုပ်ငန်းများပါသုံးစွဲခဲ့သဖြင့် လျာထားချက်ထက်ပိုမိုသုံးစွဲရခြင်းဖြစ်ပါသည်။

(၃) <u>ကရင်ပြည်နယ်</u>။ ငွေလုံးငွေရင်းသုံးငွေတွင် လျာထားချက်ထက်ပိုမိုသုံးစွဲခြင်းမှာ သတ်မှတ်ထားသည့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုရာခိုင်နှုန်း ပြည့်မီသော လမ်း ၊ တံတား၊တည်ဆောက်ရေးလုပ်ငန်းများအတွက် ကျခံသုံးစွဲထားခြင်းနှင့် ပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုအရဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေမှ ကျခံသုံးစွဲထားခြင်းကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်းဖြစ်ပါသည်။

(၄) <u>စစ်ကိုင်းတိုင်းဒေသကြီး</u> ။ ငွေလုံးငွေရင်းသုံးငွေတွင် လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်းမှာ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန ၊ အဖွဲ့အစည်းများ၏ ဆောက်လုပ်ရေးလုပ်ငန်းများ ၁၀၀% ပြီးစီးခြင်း ၊ မော်တော်ယာဉ်အကြီးစားပြင်ဆင်ခြင်း၊ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအလိုက် ငွေထုတ်ပေးရခြင်း၊ Third party စစ်ဆေးခများပေးချေရခြင်း၊ အဆောက်အဦမြေစမ်းသပ်ခများအတွက် ငွေထုတ်ယူခြင်း၊ လုပ်ငန်းများအပြီးသတ် ဆောင်ရွက်နိုင်ခြင်း၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူခြင်းတို့ကြောင့် လျာထားချက်ပိုမိုသုံးစွဲရခြင်းဖြစ်ပါသည်။

(၅) <u>တနင်္သာရီတိုင်းဒေသကြီး</u> ။ ငွေလုံးငွေရင်းသုံးငွေတွင် လျာထားချက်ထက်ပိုမိုသုံးစွဲခြင်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန ၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်သည့်လုပ်ငန်းများ (၁၀၀%) ပြီးစီး၍ ငွေပေးချေခြင်းနှင့် အထွေထွေပိုလျှံရန်ပုံငွေမှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲသည့် လုပ်ငန်းများကြောင့် ပိုမိုသုံးစွဲခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဆောက်လုပ်ရေးလုပ်ငန်းများ သတ်မှတ်သည့် အချိန်ကာလထက်စောလျင်စွာ ပြီးစီး၍ လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအလိုက် ငွေပေးချေရခြင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတွင် တင်ဒါအောင်မြင်သော ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများ (၂၅%) ပြီးစီးနေပြီဖြစ်သဖြင့် ပထမအကြိမ် ငွေထုတ်ယူနိုင်ရန် ဒုတိယ(၃) လပတ်တွင် လျာထားခဲ့သော်လည်း တတိယ(၃) လပတ်ရောက်မှသာ ငွေထုတ်ခွင့်ပြုမိန့်များ ရရှိခြင်းကြောင့် ငွေထုတ်ယူခြင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် ကျေးရွာများရှိ ဘောလုံးကွင်းများအတွက် သံပိုက်လုံးဂိုးတိုင် စိုက်ထူခြင်းနှင့်မြေဖို့ပြုပြင်ခြင်းလုပ်ငန်းအတွက် (၅၀%) ငွေထုတ်ပေးခြင်း၊ ရုံးသုံးစက်ပစ္စည်းများအတွက် ဒုတိယ(၃)လပတ်တွင် ဝယ်ယူရန် လျာထားခဲ့သော်လည်း တတိယ (၃) လပတ်မှ ဝယ်ယူနိုင်ခဲ့ခြင်း ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် အိမ်ရာ

စခန်းသာယာရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ခြင်း၊ လမ်းဦးစီးဌာနတွင် ဒုတိယ (၃) လပတ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် တံတားအထူးအဖွဲ့များ၏ အသုံးစရိတ်နှင့် GRF မှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲသည့် လုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ပိုမိုခြင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၌ မိုးရာသီကာလတွင် သဘာဝရေဘေးကြောင့် ပျက်စီးသွားသောတံတားများ၏ ရေလည်တိုင်အောက်ခံအုတ်မြစ်နိမ့်ကျသော နေရာများအားပြုပြင်၍ ဘေလီတံတားတည်ဆောက်ခြင်း၊ စည်ပင်သာယာရေးအဖွဲ့များတွင် ပထမ (၆) လပတ်တွင် မပြီးပြတ်သေးသည့် လုပ်ငန်းများအား တတိယ (၃) လပတ်အတွင်း ဆက်လက်ဆောင်ရွက်ရခြင်းတို့ကြောင့်ပိုမိုသုံးစွဲခြင်းဖြစ်ပါသည်။

(၆) <u>ပဲခူးတိုင်းဒေသကြီး</u>။ ငွေလုံးငွေရင်းသုံးငွေတွင် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်တွင်ပါဝင်သော ဌာနများမှ ဆောက်လုပ်ရေးလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအလိုက် ငွေထုတ်ယူမှုများရှိခြင်းနှင့် စက်ကိရိယာများ ဝယ်ယူခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်း၊ မီးသတ်ဦးစီးဌာနသည် တည်ဆောက်ရေးလုပ်ငန်း(၁)ခုမှာ ၈၀% တည်ဆောက်ပြီးစီးသည့်အတွက် ငွေထုတ်ယူခြင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနသည် ခရိုင်ရုံး (၁) ရုံးနှင့် မြို့နယ်ရုံး (၁)ရုံးအတွက် ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးပရိဘောဂများဝယ်ယူခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် အငှားအိမ်ရာ (၂) လုံးနှင့် ဝန်ထမ်းအိမ်ရာ(၅)လုံး ဆောက်လုပ်ရေး လုပ်ငန်းများအတွက် တင်ဒါအောင်ကုမ္ပဏီများသို့ ပထမအရစ်ပေးချေရမည့်ငွေအား တတိယ(၃)လပတ်အတွင်းမှ ပေးချေခဲ့ခြင်း၊ လမ်းဦးစီးဌာနသည် ငွေပေးချေခြင်းမပြုရသေးသော လုပ်ငန်းများမှငွေတောင်းခံလာခြင်းကြောင့် ပိုမိုသုံးစွဲခြင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနသည် ဆောက်လုပ်ရေး လုပ်ငန်းများအား ယခင်လများတွင်ငွေမထုတ်ဖြစ်ဘဲ တတိယ(၃)လပတ်တွင် ငွေထုတ်ပေးခြင်းကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်းနှင့် စည်ပင်သာယာရေးအဖွဲ့များတွင် လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအလိုက် အရစ်ကျငွေပေးချေရခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်းဖြစ်ပါသည်။

(၇) <u>ရှမ်းပြည်နယ်</u> ။ ငွေလုံးငွေရင်းအသုံးစရိတ်တွင် လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်းမှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန ၊ အဖွဲ့အစည်းများအနေဖြင့် ပထမ (၆) လပတ်အတွင်း တင်ဒါခေါ်ယူခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ဆဲကာလဖြစ်သဖြင့် သုံးစွဲခြင်းမရှိသည့်ငွေများအား တတိယ (၃)လပတ်မှ

ထုတ်ယူသုံးစွဲခြင်း ၊ တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် အလျင်အမြန် ဆောင်ရွက်ခြင်းကြောင့် ပိုမိုခြင်း ၊ လျာထားချက်မရှိသော်လည်း လိုအပ်သော စက်ပစ္စည်းများဝယ်ယူရခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်း ဖြစ်ပါသည်။

(ဃ) ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု

(၁) ရန်ကုန်တိုင်းဒေသကြီး။ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန ၊ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် စီမံကိန်း လုပ်ငန်းများစတင်မှု နောက်ကျသည့်အတွက် ငွေထုတ်ယူမှုနည်းပါးခြင်း၊ တင်ဒါ ခေါ်ယူ ဆောင်ရွက်ဆဲဖြစ်သဖြင့် လျော့နည်းသုံးစွဲခြင်း၊ တည်ဆောက်ရေးလုပ်ငန်း များ ဆောင်ရွက်ဆဲဖြစ်သဖြင့် လျော့နည်းသုံးစွဲခြင်း၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများ တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း ၊ Covid-19 ကာလအတွင်း စီမံကိန်းလုပ်ငန်းများအတွက် ပစ္စည်းဖိုးမပေးချေရသေးသောကြောင့် လျော့နည်း သုံးစွဲခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ မြေယာလျော်ကြေးများ စိစစ်ဆဲဖြစ်ခြင်း ကြောင့် လျော့နည်းခဲ့ခြင်း။

**ကြွေးမြီရငွေ၊သုံးငွေ**

၃။ တိုင်းဒေသကြီး / ပြည်နယ်များ၏ ကြွေးမြီရငွေပိုင်းတွင် တတိယ (၃) လပတ် လျာထားချက် ကျပ်၆၂,၃၇၁.၀၂၃ သန်းဖြစ်ပြီး ၊အကောင်အထည်ဖော်နိုင်မှုကျပ် ၂၃,၇၄၇.၃၃၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၃၈.၀၇ ဖြစ်ပါသည်။ ကြွေးမြီရငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါ အတိုင်းတွေ့ရှိရပါသည်-

(က) ကြွေးမြီရငွေပိုမိုရရှိမှု -

(ခ)ကြွေးမြီရငွေလျော့နည်းရရှိမှု

(၁) မန္တလေးတိုင်းဒေသကြီး။ ကြွေးမြီရငွေလျာထားချက်ရှိသော်လည်း လျော့နည်းရရှိ ခြင်းမှာ စည်ပင်သာယာရေးကော်မတီမှ ရေသန့်စင်စက်ရုံတည်ဆောက်ခြင်း လုပ်ငန်းအား တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ Covid-19 ကူးစက်ပြန့်ပွားမှု မဖြစ်စေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးကာလကြောင့် တည်ဆောက်ရေးလုပ်ငန်း များ မစတင်နိုင်သေးသဖြင့် Consultant ငှားရမ်းခြင်းလုပ်ငန်းအတွက်သာသုံးစွဲ နိုင်ခဲ့၍ အသုံးစရိတ်ပေါ်မူတည်ပြီး ရငွေလျာထားခဲ့ခြင်းတို့ကြောင့် လျော့နည်း ရခြင်း။

(၂) မွန်ပြည်နယ်။ ကြွေးမြီရငွေလျာထားချက်ရှိသော်လည်း စည်ပင်သာယာရေး

အဖွဲ့မှ အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအား (၇/၂၀၂၀) လမှသာလျှင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ကြွေးမြီရငွေစာရင်း မတင်ရသေးခြင်းကြောင့် လျော့နည်းရရှိခြင်း။

(၃) ရန်ကုန်တိုင်းဒေသကြီး ။ ကြွေးမြီရငွေလျာထားချက် လျော့နည်းရရှိခြင်းမှာ အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု စီမံကိန်းလုပ်ငန်းများအတွက် အတိုင်ပင်ခံပညာရှင် (၅) ဦးအား အချိန်ပြည့် တာဝန်ပေးအပ်နိုင်ခြင်း မရှိသည့်အတွက် လစာ ၊ စရိတ်များ လျော့နည်းပေးချေရခြင်း ၊ ကုက္ကိုဝမြစ်ရေပေးဝေရေး စီမံကိန်းတင်ဒါခေါ်ယူ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်း Covid-19 ကာလအတွင်းလုပ်ငန်း ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ လဂွန်းပြင်ရေပေးဝေရေး စီမံကိန်း Covid-19 ကာလအတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှု လျော့နည်းခဲ့ခြင်း။

(၄) ရှောဝတီတိုင်းဒေသကြီး ။ ကြွေးမြီရငွေ လျာထားချက်ရှိသော်လည်း စည်ပင်သာယာရေးအဖွဲ့မှ တတိယ (၃) လပတ်တွင် ကောက်ခံရရှိမှုမရှိခြင်း။

၄။ တိုင်းဒေသကြီး / ပြည်နယ်များ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တတိယ (၃) လပတ်လျာထားချက် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၉၆.၉၁ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၅၃.၁၁ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၃၈.၀၇ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှုမှာ ၉၃.၈၅ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာရရှိခဲ့ပြီး၊ ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထားချက်ပြည့်မီရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၁၀၀.၇၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၉၈.၆၆ ရာခိုင်နှုန်း၊ စုစုပေါင်းအသုံးစရိတ် ၉၉.၂၂ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် Covid-19 ရောဂါမှ ကာကွယ်ရန်အတွက် ကာကွယ်ရေးပစ္စည်းများအတွက် သုံးစွဲခြင်းနှင့် လမ်း၊ တံတား ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် ဒုတိယ (၃) လပတ်အတွင်းမှ ထုတ်ယူရမည့် အသုံးစရိတ်များအား တတိယ (၃) လပတ်အတွင်း ထုတ်ယူခြင်းကြောင့် လုပ်ငန်းများရာနှုန်းပြည့်နီးပါး ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် လျာထားချက် ပြည့်မီကျော်လွန်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက်နီးပါး ဆောင်ရွက်နိုင်သဖြင့် အကောင်အထည်ဖော်နိုင်မှု ကောင်းမွန်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။